# မြန်မာ့အမျိုးသမီးသမဂ္ဂ

အောက်တိုဘာလ၊၂၀၂၅ ခုနှစ်

## "အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် အမျိုးသမီး ၇၀ ဦး သေဆုံး။"




၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့မှ စတင်ပြီး ညောင်ဂျစ်ပင် ပျူစောထီးရွာသို့ ပျူစောထီးအဖွဲ့နှင့် စစ်တပ် ပူးပေါင်းကာ ကျေးရွာများကို ပစ်ခတ် တိုက်ခိုက်မှုကြောင့် ပြည်သူ ၂ ဦး သေဆုံးခြင်း ဖြစ်စဉ်။




၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ ရှမ်းမြောက် ကျောက်မဲ မြို့နယ်တွင် စစ်အုပ်စုမှ လေကြောင်းနှင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကလေးငယ် (၁) ဦးအပါအဝင် (၃) ဦး ထိမှန် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်စဉ်။

| သေဆုံးသူ- (၇၀) ဦး | ထိခိုက်ဒဏ်ရာရရှိသူ - (၈၀) ဦး |
|---|---|


တရားမဝင် အကြမ်းဖက် စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုသည် (၅) နှစ် နီးပါးရှိတော့မည် ဖြစ်သည်။ အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ် နှင့်အမျှ အသက်ဆုံးရှုံး နေရသည်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အတွင်း အမျိုးသမီး (၇၀) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ထူးခြား ဖြစ်စဉ်များ အနေဖြင့် အောက်တိုဘာ (၆) ရက်နေ့ ည ၈ နာရီ ဝန်းကျင်အချိန် မုံရွာနှင့် ချောင်းဦးမြို့နယ်အစပ်၊ ချောင်းဦးမြို့နယ် မြောက်ခြမ်း တစ်နေရာတွင် မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော် ဆီမီးထွန်း သပိတ်ပြုလုပ်နေသူများအား စစ်အုပ်စုမှ ၁၂၀ မမ လက်နက်ကြီး နှစ်လုံး သုံးကာ ပါရာမော်တာဖြင့် ဗုံးကြဲခြင်း ဖြစ်စဉ်ဖြစ်သည်။ ယင်း ဖြစ်ရပ်ကြောင့် သေဆုံးသူ (၂၂) ဦး ရှိ၍ ထိခိုက် ဒဏ်ရာရရှိသူ (၅၅) ဦးထိ ရှိခဲ့သည်။ အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့်မှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများကို ပြန်လည် စုစည်းတင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။

# အမျိုးသမီးသေဆုံးသူ အရေအတွက်နှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်

| အကြောင်းအရာ | သေဆုံးသူ အရေအတွက် | ထိခိုက်ဒဏ်ရာရသူ အရေအတွက် |
|---|---|---|
| လေကြောင်းတိုက်ခိုက်ခံရမှု | ၅၆ | ၆၇ |
| လက်နက်ကြီး ပစ်ခတ်ခံရမှု | ၈ | ၅ |
| မတရား သတ်ဖြတ်ခံရမှု | ၅ | ၁ |
| မြေမြှုပ်မိုင်း | ၁ | ၃ |
| ပဋိပက္ခနှင့်ဆက်နွယ်သောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု | ၀ | ၄ |

မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ အတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၇၀ )ဦး အသက် ဆုံးရှုံးခဲ့ရသည်။ ထို့ကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၅၆)ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၈) ဦး၊ မတရား သတ်ဖြတ်ခံရမှုကြောင့် (၅) ဦး၊ မြေမြှုပ်မိုင်းကြောင့် (၁) ဦး တို့ ဖြစ်ကြသည်။ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီး (၇၀) ဦးထဲမှ (၁၄) ဦးသည် အသက် (၁၈) နှစ်အောက်များ ဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီး (၈၀) ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၆၇)ဦး၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၅)ဦး ၊ မတရား သတ်ဖြတ်ခံရမှုကြောင့် (၁) ဦး၊မြေမြှုပ်မိုင်းကြောင့် (၃) ဦးနှင့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကြောင့် (၄) ဦး တို့ဖြစ်ကြသည်။

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၅ ခုနှစ် အောက်တိုဘာလ အတွင်း အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် ရှမ်းပြည်နယ်မှ (၂၃) ဦး၊ မန္တလေးတိုင်း ဒေသကြီးမှ (၁၃) ဦး နှင့် စစ်ကိုင်းတိုင်း ဒေသကြီးမှ (၁၀)ဦး ဖြစ်ကြပြီး ရှမ်းပြည်နယ်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ အတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်းဒေသကြီး ဖြစ်သည်။ စစ်အုပ်စုသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) အား အောက်တိုဘာ တစ်လအတွင်း အကြိမ်ရေ (၃၀) ကျော် အထက် လေကြောင်းတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။